# တံပ်အွံရ်ပိုန်လောတ်ကမိုန်တအာင်း
# Palaung State Liberation Front

## “၅၂ နှစ်မြောက် တအာင်းအမျိုးသားတော်လှန်ရေးနေ့”
## ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး၏ သဘောထားထုတ်ပြန်ချက်

၁၂ ရက်၊ ဇန္နဝါရီလ၊ ၂၀၁၅ ခုနှစ်။ စာအမှတ်။ ၀၀၁/၀၅/ဌနခ-၁၅

တအာင်းအမျိုးသားတရပ်လုံး အဖိနှိပ်ခံဘဝမှလွတ်မြောက်ရန်အတွက် အာဏာရှင်အစိုးရအဆက်ဆက်ကို လက်နက်စွဲကိုင်တော်လှန်ဆန့်ကျင်လာခဲ့သည်မှာ ၂၀၁၅ ခုနှစ် ဇန္နဝါရီလ ၁၂ ရက်နေ့တွင် (၅၂) နှစ်ပြည့်မြောက်ခဲ့လေပြီ။

တအာင်းတမျိုးသားလုံး အဖိနှိပ်ခံဘဝမှလွတ်မြောက်ရေး၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကိုအာမခံသည့် တအာင်းပြည်နယ်တည်ဆောက်ရေး၊ မဟာလူမျိုးကြီးဝါဒနှင့်စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး၊ ကိုယ့်ကံကြမ္မာကို ကိုယ်တိုင်ဖန်တီးနိုင်သည့် အမျိုးသားတန်းတူညီမျှရေး၊ အမျိုးသားကိုယ်ပိုင်ပြဌာန်းခွင့်ကိုအာမခံသည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးတို့အတွက် တအာင်းတမျိုးသားလုံးတို့၏တော်လှန်ရေး ခရီးနှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း အသက်သွေးချွေး၊ အိုးအိမ်စည်းစိမ်များစွာကို ပေးဆပ်ရင်းနှီးလှူဒါန်းခဲ့ကြသော မျိုးချစ်တအာင်းပြည်သူလူထုနှင့် တအာင်းအာဇာနည်ခေါင်းဆောင်များ၊ ရဲဘော်ရဲမေအပေါင်းတို့အား ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦးမှ အစဉ်ဦးညွှတ်ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် T.N.L.A သည် တအာင်းအမျိုးသားနိုင်ငံရေးရည်မှန်းချက် အမြန်ရရှိနိုင်စေရန်အတွက် တအာင်းလူထုကြီးနှင့်ပူးပေါင်းကာ စစ်ရေး၊ နိုင်ငံရေးလုပ်ငန်းများကို အားကျိုးမာန်တက် ဆောက်ရွက်လျှက်ရှိပါသည်။ ကျောက်မဲ၊ မိုးမိတ်၊ မိုးကုတ်၊ နမ့်ဆန်၊ မန်တုံ၊ နမ္မတူ၊ သီပေါ၊ လားရှိုး၊ သိန်းနီ၊ ကွတ်ခိုင်၊ နမ့်ခမ်းနှင့် မူဆယ်မြို့နယ်အစရှိသည့် တအာင်းဒေသများတွင် တအာင်းတပ်မတော် T.N.L.A တပ်ရင်းတပ်ဖွဲ့များအသီးသီး အခြေချလှုပ်ရှားလျှက်ရှိပါသည်။

တအာင်းလူမျိုးများအခြေချနေထိုင်ရာဌာနေဒေသတိုင်းတွင် တအာင်းတပ်မတော် T.N.L.A အခြေချကာကွယ်တပ်စွဲနိုင်ရေးဦးတည်ချက်ဖြင့် ကြိုးပမ်းလာရာ သုံးနှစ်တာကာလအတွင်း တပ်ရင်း (၂၁) ခုဖြင့် စုစည်းထားသည့် တပ်မဟာ (၃) ခုကိုဖွဲ့စည်းလှုပ်ရှားနိုင်ခဲ့သည်မှာ တအာင်းလူမျိုးတို့၏ စည်းလုံးညီညွတ်မှုအကျိုးရလာဒ် ဖြစ်သည်။

ထို့အတူ တအာင်းလူမျိုးအားကာကွယ်ရန်အတွက် တအာင်းတပ်မတော် T.N.L.A တိုးတက်အားကောင်းလာရန် ဝိုင်းဝန်းကူညီပံ့ပိုးခဲ့ကြသည်မှာ မဟာမိတ်တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ညီညွတ်မှု ပြယုဂ်ပင်ဖြစ်ပါသည်။

တအာင်းအမျိုးသားတပ်မတော်သည် လူထုကာကွယ်ရေး၊ နယ်မြေစိုးမိုးရေး၊ တပ်ဖွဲ့တည်ဆောက်ရေး၊ လူထုစည်းရုံးရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ လုပ်ဆောင်စဉ် မြန်မာစစ်တပ်၏ ထိုးစစ်ဆင်လှုပ်ရှားလာမှုကြောင့် ၂၀၁၄ ခုနှစ် တနှစ်တာအတွင်း တိုက်ပွဲကြီးငယ်ပေါင်းအကြိမ် ၂၀၀ ကျော်ဖြစ်ပွားခဲ့ပါသည်။

P.S.L.F/T.N.L.A သည် တအာင်းဒေသအတွက် အလွန်အန္တရာယ်ကြီးမားသည့် မူးယစ်ဆေးဝါးပြဿနာကိုလည်း လူထုနှင့်အတူလက်တွဲပူးပေါင်းကာ တိုက်ဖျက်လာခဲ့ရာ ထိုက်သင့်သောအတိုင်းအတာထိ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ပါသည်။ မူးယစ်ဆေးဝါးရောင်းဝယ်ထုတ်လုပ်သူများကိုဖမ်းဆီး အရေးယူအပြစ်ပေးခြင်းများပြုလုပ်ခဲ့ပါသည်။ ဆက်လက်၍လည်း တအာင်းဒေသအတွင်း မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးလုပ်ငန်းများကို စီမံကိန်းချမှတ် ဆောင်ရွက်လျှက်ရှိပါသည်။

N.C.C.T တွေ့ဆုံညှိနှိုင်းရေးအဖွဲ့မှ တပြည်လုံးအတိုင်းအတာအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ရရှိရန် တိုင်းရင်းသားအဖွဲ့များကိုယ်စား ကြိုးပမ်းဆောင်ရွက်ရာတွင် NCA စာချုပ်အတွက် သဘောတူညီမှုရရှိရန် နီးစပ်လာစဉ် မြန်မာစစ်ခေါင်းဆောင်များက နောက်ကြောင်းပြန်လှည့်ကာ ရရှိပြီးသဘောတူညီချက်များကို ပယ်ချလိုက်သဖြင့် ဆွေးနွေးမှုများရပ်တန့်ကာ နှစ်ဖက်ယုံကြည်မှုကျဆင်းခဲ့ရသည်။ ထိုပြင် တိုင်းရင်းသားဒေသများသို့ထိုးစစ်များပုံမှန်ပြင်ဆင်နေခြင်း၊ နှစ်ဖက်တိုက်ပွဲများ ဖြစ်ပွားရန် အကြောင်းရှာရန်စခြင်း၊ တိုင်းရင်းသားဒေသများသို့ကျူးကျော်နယ်ချဲ့ခြင်း၊ လက်နက်ကြီးများဖြင့်ရည်ရွယ်ချက်ရှိရှိပစ်ခတ်ခြင်းတို့ ပြုလုပ်နေသည့် မြန်မာ့တပ်မတော်၏ လုပ်ရပ်မှာ မည်သို့မျှ ပြည်တွင်းစစ်မီးရပ်စဲပြီး တိုင်းပြည်ငြိမ်းချမ်းနိုင်မည်မဟုတ်ပါ။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ခြင်းမရှိသည့်အပြင် ဘက်လိုက်မှုရှိသည့် ရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် မျှတမှုမရှိသည့် ရွေးကောက်ဥပဒေများဖြင့် ကျင်းပမည့် ၂၀၁၅ ရွေးကောက်ပွဲသည် လွတ်လပ်မျှတခြင်း၊ ဒီမိုကရေစီစံနှုန်းပြည့်မှီခြင်း၊ လက်ရှိမြန်မာ့နိုင်ငံရေးပြဿနာကိုဖြေရှင်းပေးနိုင်ခြင်း ရှိလိမ့်မည် မဟုတ်ပေ။ တိုင်းရင်းသားပြည်သူလူထုတို့၏ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးမျှော်လင့်တောင်းတမှုများမှာ မြန်မာစစ်ခေါင်းဆောင်များ၏ကိုယ်ကျိုးစီးပွားများကြောင့် အလှမ်းဝေးနေအုံးမည်ဖြစ်သည်။

ဘာသာရေးပဋိပက္ခများဖန်တီးခြင်း၊ အခြေခံပြည်သူလူထုတို့၏ လယ်ယာမြေများသိမ်းဆည်းခြင်း၊ တက်ကြွလှုပ်ရှားသူများအား ဖမ်းဆီးအရေးယူခြင်း၊ တရုတ်-မြန်မာပဋိပက္ခပေါ်ပေါက်နိုင်ရန်အတွက် လက်ပန်တောင်းတောင်ပြဿနာများဖန်တီးခြင်း၊ တိုင်းရင်းသား ပြည်သူလူထုတို့၏ ငြိမ်းချမ်းရေးတောင်းဆိုမှုကိုလစ်လျူရှုနေခြင်း၊ တိုင်းရင်းသား အဖွဲ့အစည်းများအား စစ်အင်အားဖြင့် ခြိမ်းခြောက်ခြင်းတို့သည် နိုင်ငံတော်အာဏာကို လက်ကိုင်ထားနိုင်ရန်အတွက် ယခင် အာဏာရှင်အဆက်ဆက် စစ်ခေါင်းဆောင်များ၏ လုပ်နည်းလုပ်ဟန်အတိုင်း ဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

ထို့ကြောင့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်နိုင်ရန်အတွက် မြန်မာပြည်ရှိ တိုင်းရင်းသား ပြည်သူတရပ်လုံးအနေဖြင့် နိုင်ငံရေးသတိ၊ ဒီမိုကရေစီအသိ၊ စည်းလုံးညီညွတ်မှုရှိရှိဖြင့် ၂၀၁၅ ခုနှစ်ကို ဖြတ်သန်းရင်ဆိုင်ကြရန် အထူးတိုက်တွန်းလှုံ့ဆော်အပ်ပါသည်။

တိုင်းရင်းသားလူမျိုးများမှာလည်း တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်ဟူသော တိုင်းရင်းသားလူမျိုးတို့၏ တော်လှန်ရေးရည်မှန်းချက်ပြည့်မီရန်မှာ လူမျိုးတိုင်းတောင့်တင်းခိုင်မာသည့် လက်နက်ကိုင်တပ်မတော်ရှိရန်လိုအပ်ပြီး ဘုံရန်သူကို ဝိုင်းဝန်းရင်ဆိုင်ချေမှုန်းကြရမည်ဖြစ်သည်။ စစ်ရေးစုစည်းညီညွတ်မှု ဖိအားမပါပဲ မြန်မာစစ်ခေါင်းဆောင်များနှင့် ယခုကဲ့သို့တွေ့ဆုံညှိနှိုင်းခြင်းဖြင့် နိုင်ငံရေးအဖြေရှာနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးတိုင်း တော်လှန်ရေးသတိမြှင့်တင်ပြီး လက်နက်ကိုင်တပ်မတော်အင်အားရှိရန်၊ စစ်ရေးအရစုစည်းညီညွတ်မှုရှိရန် အထူးတိုက်တွန်းနိုးဆော်အပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် တအာင်းအမျိုးသားတို့၏နိုင်ငံရေးရည်မှန်းချက်ပန်းတိုင်မရောက်မချင်း တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် P.S.L.F/T.N.L.A နှင့်အတူ ဆက်လက်လက်တွဲတိုက်ပွဲဝင်ကြရန် တအာင်းမိဘပြည်သူတရပ်လုံးကို အလေးအနက် တိုက်တွန်းနှိုးဆော်ရင်း (၅၂) နှစ်ပြည့် တအာင်းအမျိုးသားတော်လှန်ရေး နှစ်ပတ်လည်နေ့သဘောထားကို ထုတ်ပြန်ကြေညာလိုက်ပါသည်။

**"ဘုံပ်ဘိုန် ကုင်တအာင်း"**

**ဗဟိုကော်မီတီ**
**ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (P.S.L.F)**
**တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (T.N.L.A)**